## မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

June , 3 2025 — Volume 91, Number 2


### ၃-၆-၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၉၉.၉၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၃၂.၁၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၄၁.၀၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၅၇.၄၄ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၁.၉၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၅၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၂.၆၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၉၄.၅၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၅၅ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


# စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ်၈၀ ထပ်မံကျဆင်း



စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း ယခုတစ်ပတ်မှာတစ်ပိဿာလျှင် ၆၃၁၀ ကျပ် ဖြစ်ကြောင်း စားသုံးသူရေးရာဦးစီးဌာနက ထုတ်ပြန်ကြေညာထားသည်။

ပြီးခဲ့သည့်တစ်ပတ်၂၆.၅.၂၀၂၅ မှ ၁.၆.၂၀၂၅ ရက်နေ့ထိ စားအုန်းဆီ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးသည် တစ်ပိဿာလျှင် ၆၃၉၀ ကျပ်ဖြစ်ခဲ့ပြီး ယခုတစ်ပတ် ၂.၆.၂၀၂၅ မှ ၈.၆.၂၀၂၅ ရည်ညွှန်းဈေးသည် ၆၃၁၀ ကျပ်ဖြစ်သဖြင့် ၈၀ ကျပ် ဈေးကျသွားခြင်းဖြစ်သည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိရာ စားအုန်းဆီအဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့်မသမာသည့်လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

**Source : မကွေးဂျာနယ်**

## မဂ်လာမန္တလေးဝင်းအတွင်းရှိ ဈေးဆိုင်ခန်းများအပါအဝင် မန္တလေးမြို့ရှိ စီးပွားရေးလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်




မင်္ဂလာမန္တလေးဝင်းအတွင်းရှိ The Move Shopping Area မှ ဆိုင်ခန်းများအပါအဝင် မန္တလေးမြို့ရှိ စီးပွားရေးလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်းသိရသည်။

၂၈.၃.၂၀၂၅ ရက်နေ့တွင်လှုပ်ခတ်ခဲ့သော အင်အားပြင်း ငလျင်တစ်ခုဖြစ်ပွားပြီးနောက်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတို့၏ လမ်းညွှန်ချက်များနှင့်အညီ ကျွမ်းကျင်အင်ဂျင်နီယာများဖြင့် ပြုပြင်မွမ်းမံမှုများကို ဦးစားပေး ဆောင်ရွက်ခဲ့ပြီးနောက် မန္တလေးမြို့၊ချမ်းမြသာစည်မြို့နယ်၊ ၇၃လမ်း၊ ၁၀၂-အေလမ်းနှင့်၁၀၇လမ်းကြား၊ မင်္ဂလာမန္တလေးဝင်းအတွင်း Multi- Storey Car Park,GroundFloorရှိ The Move Shopping Area မှ ဆိုင်ခန်းများအား ၂၀၂၅ ခုနှစ် ဇွန်လ ၁ ရက်နေ့တွင် Pre-Opening အဖြစ် ပြန်လည်ဖွင့်လှစ်ပြီး ပုံမှန်အတိုင်း ရောင်းချလျက်ရှိကြောင်းသိရသည်။

မန္တလေးလျောင်ကြီးကြောင့် ထိခိုက်ခဲ့သည့် မန္တလေးမြို့ပေါ်ရှိ shopping mall များ စားသောက်ဆိုင်များ မင်္ဂလာမန္တလေး အပါအဝင် စီးပွားရေးလုပ်ငန်းများမှာ မေလကုန်ပိုင်းရက်များတွင် ပြန်လည်ဖွင့်လှစ်ပြီးပုံမှန်လည်ပတ်လျက်ရှိကြောင်း သိရသည်။

**Source : မကွေးဂျာနယ်**

## ကျွန်းလှမြို့တွင် ရောင်းချလျက်ရှိသော ငါးရံ့ခြောက်ဈေးနှုန်း



စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ် အတွင်း လမ်းပန်းဆက်သွယ်ရေးအခက်အခဲများကြောင့် ကုန်ဈေးနှုန်းများ အနည်းငယ်မြင့်တက်လျက်ရှိရာမှ ငါးရံ့ခြောက်ဈေးနှုန်းသည်လည်း မြင့် တက်လျက်ရှိသည်။

ယခု ၂၀၂၅ ခုနှစ်၊ မေလ နောက်ဆုံးပတ်တွင် ကျွန်းလှမြို့၏ ငါးရံ့ဈေးနှုန်းများအနေဖြင့် ငါးရံ့(အကြီး)တစ်ပိဿာလျှင် ၂၈,၀၀၀ ကျပ်၊ ၅၀ ကျပ်သားလျှင် ၁၅,၀၀၀ ကျပ်နှင့် ၂၅ ကျပ်သားလျှင် ၈,၀၀၀ ကျပ်၊ ငါးရံ့ (အသေး) တစ်ပိဿာလျှင် ၂၀,၀၀၀ ကျပ်၊ ၅၀ ကျပ်သားလျှင် ၁၀,၀၀၀ ကျပ်၊ ၂၅ ကျပ်သားလျှင် ၅,၀၀၀ ကျပ်၊ ဈေးနှုန်းဖြင့်လည်းကောင်း၊ ငါးရံ့ခြောက်ဈေးနှုန်းများအနေဖြင့် ငါးရံ့ခြောက် (အကြီး) တစ်ပိဿာလျှင် ၈၀,၀၀၀ ကျပ်၊ ၅၀ ကျပ်သားလျှင် ၄၀,၀၀၀ ကျပ်နှင့် ၂၅ ကျပ်သား လျှင် ၂၀,၀၀၀ ကျပ်၊ ငါးရံ့ခြောက် (အသေး) တစ်ပိဿာလျှင် ၆၀,၀၀၀ ကျပ်၊ ၅၀ ကျပ်သားလျှင် ၃၀,၀၀၀ ကျပ်၊ ၂၅ ကျပ်သားလျှင် ၁၅,၀၀၀ ကျပ် ဈေးနှုန်းအသီးသီးတို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

**Source : DOCA(စစ်ကိုင်း)**

https://www.doca.gov.mm/

## နောင်တရားဒေသတွင် အာလူးများကို တစ်နှစ်လျှင် ၃ ကြိမ်စိုက်ပျိုးကြပြီး အားလူးစိုက်ဧကပေါင်း ၁၀,၀၀၀ ကျော် စိုက်ပျိုးလျက်ရှိ

ရှမ်းပြည်နယ်တောင်ပိုင်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ၊ ပင်လောင်းမြို့နယ်၊ နောင်တရားမြို့တွင် အာလူးများကို တစ်နှစ်လျှင် ၃ ကြိမ်စိုက်ပျိုးကြပြီး အာလူးစိုက်ဧကပေါင်း ၁၀,၀၀၀ ကျော် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။



ယခုအခါ စိုက်ပျိုးထားသည့် ရေသွင်းအာလူးများကို စတင်တူးဖော်လျက်ရှိကြောင်း လက်ရှိတွင် အာလူးဈေးနှုန်းသည် နည်းနေသေးကြောင်း သိရသည်။

နောင်တရားဒေသတွင် အာလူးကို မိုးကြိုးမိုးနှောင်း(စက)နှင့် ရေသွင်းအာလူးဟူ၍ သုံးကြိမ်စိုက်ပျိုးလျက်ရှိသည်။

အာလူးစိုက်ပျိုးရေးလုပ်ငန်းတွင် စိုက်ပျိုးရေးကုန်ကျစရိတ်များပြားသော်လည်း တောင်သူအများစုက အာလူးစိုက်ပျိုးသည့် လုပ်ငန်းကို ပိုမိုစိတ်ဝင်စားကြကြောင်းသိရသည်။

အောင်ပန်းကုန်စည်ဒိုင်တွင် အာလူးမျိုးပေါ်မူတည်၍ ဈေးနှုန်းကွဲပြားမှုများရှိပြီး အာလူးတစ်ပိဿာလျှင် ကျပ် ၁၃၀၀ မှ ကျပ် ၂၂၀၀ အထိရှိကြောင်း သိရသည်။

**Source : Popular News Journal**

## ကန်စွန်းဥဈေးကွက် အရောင်းသွက်



ကန်စွန်းဥကို မန္တလေးတိုင်းအတွင်း အမရပူရ၊ ပုသိမ်ကြီး၊ မတ္တရာ၊ ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သားမြို့နယ်များတွင် ငချိတ်ကန်စွန်း၊ ရွှေဝါကန်စွန်းမျိုးများ စိုက်ပျိုးထုတ်လုပ်ရောင်းချမှုရှိသလို စစ်ကိုင်းတိုင်းနှင့် ရှမ်းပြည်နယ်တောင်ပိုင်းအောင်ပန်းနှင့် ပြင်ဦးလွင်မြို့များမှလည်း ဝင်ရောက်လျက်ရှိသည်။

ကန်စွန်းဥကို ယိုထိုးခြင်း၊ ပြုတ်၍စားသုံးခြင်းများရှိသလို ကန်စွန်းဥကိုပြုတ်၍လည်း ရောင်းချခြင်း ဖုတ်၍ရောင်းချခြင်းများလည်း ရှိသည်။

မန္တလေးမြို့တွင်း ကန်စွန်းဥ ဈေးကွက်ဈေးနှုန်းအနေနှင့် ငချိတ်ကန်စွန်းဥ (ကြီး) ၁ ပိဿာလျှင် ၃၀၀၀ကျပ်မှ ၂၇၀၀ ကျပ် ၊ ကန်စွန်းဥ (သေး) ၁ ပိဿာ ၂၀၀၀ ကျပ်၊ ရွှေဝါရောင်ကန်စွန်းဥလုံးကြီး ၁ ပိဿာ ၃၅၀၀ ကျပ်မှ ၃၀၀၀ ကျပ် ၊ ကန်စွန်းဥ သေး ၁ ပိဿာ ၂၅၀၀ ကျပ်မှ ၂၀၀၀ ကျပ်တို့နှင့် ရောင်းဝယ်မှုများရှိသည်။

မန္တလေးဈေးကွက်အတွင်း ကန်စွန်းဥများကို လက်လီရောင်းချသည့် ဈေးသည်များမှဝယ်ယူခြင်းရှိပြီး မန္တလေးမြို့ပေါ်တွင် ညနေပိုင်းများတွင် ကန်စွန်းဥမီးဖုတ်ရောင်းချမှုများသည့်အတွက်ဈေးကွက်တွင်အရောင်းအဝယ်အားကောင်းသည့် ကုန်ပစ္စည်းတစ်မျိုးဖြစ်ကြောင်း သိရသည်။

**Source : DOCA(မန္တလေး)**

https://www.doca.gov.mm/

## ဗီယက်နမ်နိုင်ငံ၏ ကော်ဖီတင်ပို့မှုသည် ၅ လအတွင်း အမေရိကန်ဒေါ်လာ ၄ ဒသမ ၂ ဘီလီယံရရှိ



ဗီယက်နမ်နိုင်ငံသည် ယခုနှစ်အစမှ မေလလယ်အထိ ကော်ဖီတန်ချိန် ၇၃၆,၀၀၀ ကျော်တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၄ ဒသမ ၂ ဘီလီယံရရှိခဲ့ကြောင်း ဗီယက်နမ်နိုင်ငံအကောက်ခွန်ဦးစီးဌာနက သိရသည်။

ပမာဏအားဖြင့် တစ်နှစ်ထက်တစ်နှစ် ၅ ဒသမ ၅ ရာခိုင်နှုန်းကျဆင်းသွားသော်လည်း အဆိုပါကာလအပိုင်းအခြားအတွင်း ပျမ်းမျှဈေးနှုန်းများ သိသိသာသာမြင့်တက်

မှုကြောင့် တန်ဖိုး ၅၆ ရာခိုင်နှုန်းတက်လာခဲ့ကြောင်း ရေးသားဖော်ပြထားသည်။

ပြည်တွင်း၌ အလယ်ပိုင်းကုန်းမြင့်ဒေသမှ ကော်ဖီဈေးနှုန်းများသည် တစ်ကီလိုဂရမ်လျှင် ဗီယက်နမ်ဒေါင် ၂,၅၀၀- ၃,၃၀၀ သို့ကျဆင်းသွားခဲ့ပြီး ဒါနောင်၊ ဒါလတ်နှင့် ဂိုင်လိုင်နှင်ဒေါင်လန်ပြည်နယ်များတွင် ဗီယက်နမ်ဒေါင် ၁၂၂,၅၀၀ (အမေရိကန်ဒေါ်လာ ၄ ဒသမ ၈၂)သို့ကျဆင်းခဲ့ကြောင်း သိရသည်။

ကမ္ဘာ့ဈေးကွက်တွင် ကော်ဖီဈေးနှုန်းများကျဆင်းနေသောကြောင့် ပြည်တွင်းဈေးသည် တစ်ကီလိုဂရမ်လျှင် ဗီယက်နမ်ဒေါင် ၁၂၀,၀၀၀ သို့ ဆက်လက်ကျဆင်းနိုင်ဖွယ်ရှိကြောင်း စိုက်ပျိုးရေးပညာရှင်များက ခန့်မှန်းထားသည်။ ရာသီဥတုအခြေအနေများနှင့် ကုန်သွယ်ရေးတင်းမာမှုများကဲ့သို့သောအချက်များသည် ဈေးနှုန်းတက်ခြင်း၏ နောက်ကွယ်မှ အကြောင်းအရာများဖြစ်ကြောင်း ဖော်ပြထားသည်။

ထို့ပြင် ပြီးခဲ့သည့်နှစ်နှစ်အတွင်းကော်ဖီစိုက်ပျိုးခြင်းတွင် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းသည် မကြာမီကာလ အတွင်း ထောက်ပံ့မှုတိုးလာမည်ဟုမျှော်မှန်းထားကြောင်း ဖော်ပြထားသည်။

**Source: VN Express International**

(ဝင့်နန္ဒာကျော်ကျော်၊ စီးပွားရေးသံမှူး၊ ဟနွိုင်းမြို့)

https://myantrade.gov.mm/

## ဗီယက်နမ်မင်းဂွတ်သီးများသည် ထိုင်းမင်းဂွတ်သီးထက် ၅၀ ရာခိုင်နှုန်းဈေးမြင့်မားသော်လည်း စားသုံးသူဝယ်လိုအားမြင့်တက်



ဗီယက်နမ်နိုင်ငံမှမင်းဂွတ်သီးများသည် ထိုင်းနိုင်ငံမှတင်သွင်းမှုထက် ၅၀ ရာခိုင်နှုန်းဈေးပိုပေးရသော်လည်း အချိုပို ၍ အနံ့အရသာထူးကဲသောကြောင့် ဝယ်လိုအားမြင့်မားလျက်ရှိကြောင်း သိရသည်။

ဟိုချီမင်းတွင် အရည်အသွေးမြင့် သစ်သီးများကို ဈေးသည်များမှ ဗီယက်နမ်ဒေါင် ၁၂၀,၀၀၀ မှ စတင်ရောင်းချလျက်ရှိပြီး ထိုင်းသွင်းကုန်များသည် ပမာဏအားဖြင့်ဈေးကွက်ကိုလွှမ်းမိုးထားသော်လည်း ဗီယက်နမ်ဒေါင် ၉၀,၀၀၀ မှ ၁၀၀,၀၀၀ ထိသာရရှိကြောင်း ဖော်ပြထားသည်။

ဘင်းသန်းမြို့နယ်ရှိ ဈေးသည်တစ်ဦးဖြစ်သူ Lan Anh က မင်းဂွတ်သီးရိတ်သိမ်းရာသီသည် ယခုနှစ်တွင် နှောင့်နှေးသည့်အတွက် လာမည့်လမှစတင်မည်ဖြစ်သော်လည်း ဝယ်ယူသူအများအပြားသည် ဒေသထွက်မင်းဂွတ်သီးကို ကြိုတင်အမှာစာများမှာယူနေကြပြီဖြစ်ကြောင်း သိရသည်။

မင်းဂွတ်သီးရိတ်သိမ်းမှု နှောင့်နှေးခြင်းနှင့်အထွက်နှုန်းကျဆင်းခြင်းတို့ကြောင့်အသီးအနံ့ရရှိမှုမှာ အကန့်အသတ်ရှိပြီး ဈေးနှုန်းများမြင့်တက်လာစေသည်။ ဘင်းဒေါင်ပြည်နယ်နှင့် ဒေါင်နိုင်းပြည်နယ်တို့ရှိ လယ်သမားများက ၎င်းတို့၏ ဥယျာဉ်ခြံအများအပြားမှာ ဆွတ်ခူးရန် အချိန်လိုအပ်သေးကြောင်းနှင့် နှစ်ပတ်ခန့်အချိန်ယူရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အချို့သော စိုက်ပျိုးသူများကမူ ရာသီဥတုအခြေအနေကြောင့် ယခင်နှစ်ထက် အထွက်နှုန်း ၄၀ မှ ၇၀ ရာခိုင်နှုန်းကျဆင်းဖွယ်ရှိကြောင်း ခန့်မှန်းထားကြသည်။

**Source: VN Express International**

(ဝင့်နန္ဒာကျော်ကျော်၊ စီးပွားရေးသံမှူး၊ ဟနွိုင်းမြို့)

https://myantrade.gov.mm/

## အိန္ဒိယတွင် တောင်သူများက ပဲပုပ်စိုက်ပျိုးသော နေရာတချို့တွင် ပြောင်းနှင့် ကြံများအား အစားထိုးစိုက်ပျိုးလာသဖြင့် ပဲပုပ်စိုက်ဧကကျဆင်းလာနိုင်

အိန္ဒိယတွင် တောင်သူများက ပဲပုပ်စိုက်ပျိုးသောနေရာတချို့တွင် ဆီထွက်သီးနှံထက် အကျိုးအမြတ်ပိုမိုရရှိသည့် ပြောင်း

နှင့်ကြံအား အစားထိုးစိုက်ပျိုးလာသဖြင့် ယခုနှစ်၌ ပဲပုပ်စိုက်ဧကကျဆင်းလာနိုင်ဖွယ်ရှိသည်ဟု တောင်သူများနှင့် စက်မှုလုပ်ငန်းတာဝန်ရှိသူများက ရိုက်တာသတင်းဌာနသို့ ပြောကြားခဲ့ကြောင်း သိရသည်။

ပဲပုပ်သည် အိန္ဒိယနိုင်ငံ၌ နွေရာသီတွင် အဓိကစိုက်ပျိုးသည့် ဆီထွက်သီးနှံအမျိုးအစားဖြစ်သော်လည်း အထွက်နည်းသောကြောင့် စားသုံးဆီအဓိကတင်သွင်းနေရသည့်နိုင်ငံအား ပြည်ပမှ စားအုန်းဆီ၊ ပဲဆီနှင့် နေကြာဆီများကို တိုးမြှင့်ဝယ်ယူရန် တွန်းအားပေးလျက်ရှိကြောင်း သိရသည်။

ပြီးခဲ့သည့် သုံးနှစ်အတွင်း ပဲပုပ်မှ အမြတ်အစွန်းမရရှိခဲ့သကဲ့သို့ဖြစ်ခဲ့ကြောင်း၊ ထို့ကြောင့် ယခုနှစ်တွင် အကျိုးအမြတ်ပိုမိုရရှိသည့် ပြောင်းကို ပြောင်းလဲစိုက်ပျိုးခဲ့သည်ဟု Madhya Pradesh ပြည်နယ်မှ တောင်သူတစ်ဦးဖြစ်သူ Subodh Parmar က ပြောကြားခဲ့သည်။

ပြီးခဲ့သည့်လများအတွင်း ပဲပုပ်ဈေးနှုန်းများကျဆင်းမှုကြောင့် တောင်သူများအား အခြားသီးနှံသို့ ပြောင်းရန်လှုံ့ဆော်မှုဖြစ်စေသည်ဟု အိန္ဒိယပဲပုပ်လုပ်ငန်းရှင်များအသင်း(SOPA)မှ အမှုဆောင်ဒါရိုက်တာ D.N. Pathak က ပြောသည်။

အစိုးရက ပဲပုပ် ၁၀၀ ကီလိုဂရမ်လျှင် ကြမ်းခင်းဈေး ၄၈၉၂ ရူပီး(၅၇ ဒသမ ၂၉ ဒေါ်လာ) သတ်မှတ်ထားသော်လည်း ၂၀၂၄ ခုနှစ်အောက်တိုဘာလတွင်စတင်သည့် သီးနှံရာသီချိန်တွင်ဈေးနှုန်းများမှာ ယင်းသတ်မှတ်ထားသည့်အဆင့်အောက် ၁၀ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိ ကျဆင်းသွားခဲ့ကြောင်း သိရသည်။

ပဲပုပ်သည် အဓိကအားဖြင့် မိုးရေအပေါ်အခြေခံသောသီးနှံဖြစ်ပြီး ယခုနှစ် မိုးဦးတွင် ပုံမှန်ထက် ပိုမိုရွာသွန်းမည်ဟုမျှော်လင့်ထားသောကြောင့် အထွက်နှုန်းအပေါ် များစွာသက်ရောက်မှုရှိနိုင်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံအလယ်ပိုင်းရှိMadhya Pradesh ပြည်နယ်၊ အနောက်ဘက်ရှိ Maharashtra၊ အနောက်မြောက်ဘက်ရှိ Rajasthan နှင့်တောင်ဘက်ရှိAndhra Pradeshနှင့် Karnataka တို့သည်ပဲပုပ်အဓိကထုတ်လုပ်သည့် ပြည်နယ်များ ဖြစ်ကြသည်။

ပဲပုပ်တွင် အစာ ၈၀ ရာခိုင်နှုန်းကျော်နှင့် ၂၀ ရာခိုင်နှုန်းထက်နည်းသော ဆီတို့ပါဝင်သော်လည်း ဒေသထွက်ပဲပုပ်ဝယ်လိုအားသည် ဈေးနှုန်းသက်သာသော အီသနောထုတ်လုပ်ခြင်းမှရရှိသည့် ပျော်ဝင်နိုင်သော တိရစ္ဆာန်အစားအစာများ (DDGS) ကြောင့် အခက်ကြုံနေရသည်ဟု ဆီကြိတ်ခွဲထုတ်လုပ်သူများအသင်း(Solvent Extractors' Association of India (SEA))၏ အမှုဆောင်ဒါရိုက်တာ B.V. Mehta က ပြောသည်။

ကြက်မွေးမြူရေးလုပ်ငန်းသည် ပဲပုပ်ကိုအဓိကအသုံးပြုကြသော်လည်း ၃၀ ရာခိုင်နှုန်းပိုမိုဈေးသက်သာသော DDGS ဖြင့် ပြီးခဲ့သည့် ၂ နှစ်တွင် ပဲပုပ်ကို အစားထိုးခဲ့ကြောင်း Mehta မှ ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံတွင် သကြားအများဆုံးထုတ်လုပ်သည့် Maharashtra တွင် မိုးရွာသွန်းမှုများပြားခြင်းကြောင့် တောင်သူအချို့သည် ရေအလွန်ကြိုက်သည့် နှစ်ရှည်ကြံကို ပြောင်းလဲစိုက်ပျိုးရန် လှုံ့ဆော်မှုဖြစ်စေခဲ့ကြောင်း၊ ထို့ကြောင့် ပဲပုပ်အသစ်ထွက်ရှိမှုသည် ယခင်နှစ်ထက် သိသိသာသာလျော့နည်းနိုင်ကြောင်းနှင့် ယင်းသည် စားသုံးဆီအားတိုးမြှင့်တင်သွင်းရန် ဖိအားတစ်ခုဖြစ်လာနိုင်ကြောင်း မွန်ဘိုင်းမြို့အခြေစိုက်ကုန်သည်တစ်ဦးက ပြောကြားခဲ့သည်။

အိန္ဒိယသည် စားအုန်းဆီများကို အင်ဒိုနီးရှားနှင့်မလေးရှားတို့မှ အဓိကဝယ်ယူနေပြီး ပဲဆီနှင့်နေကြာဆီများကို အာဂျင်တီးနား၊ ဘရာဇီး၊ ရုရှားနှင့်ယူကရိန်းတို့မှ တင်သွင်းသည်။

**Source: India soybean acreage to decline as farmers shift to corn, sugarcane, The Economic Times, 27 May, 2025.**

**(မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး၊ နယူးဒေလီမြို့)**

https://myantrade.gov.mm/

## STOCK EXCHANGE (3.6.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 3rd Jun. 2025

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 12,369 (Shares) | 36,320,350 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 6,700 | +100 | +1.52% | 6,600 | 6,700 | 6,600 | 416 | 2,746,500 | 33,109,694 | 221,835 |
| MTSH | 00002 | 3,000 | +0 | +0.00% | 3,000 | 3,000 | 2,950 | 9,174 | 27,454,000 | 38,929,150 | 116,788 |
| MCB | 00003 | 7,700 | +300 | +4.05% | 7,600 | 7,700 | 7,600 | 19 | 145,800 | 10,400,986 | 80,088 |
| FPB | 00004 | 1,800 | -50 | -2.70% | 1,850 | 1,850 | 1,800 | 64 | 115,950 | 29,664,613 | 53,396 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,800 | 20 | 56,000 | 12,823,224 | 35,905 |
| EFR | 00006 | 1,650 | +50 | +3.13% | 1,550 | 1,650 | 1,550 | 1,700 | 2,772,500 | 19,977,223 | 32,962 |
| AMATA | 00007 | 3,900 | +50 | +1.30% | 3,900 | 3,900 | 3,900 | 5 | 19,500 | 10,497,598 | 40,941 |
| MAEX | 00008 | 3,100 | +0 | +0.00% | 3,100 | 3,100 | 3,100 | 971 | 3,010,100 | 23,804,946 | 73,795 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 3rd Jun. 2025

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 347.64 | +3.43 | +1.00% | 343.68 | 347.90 | 343.68 | 12,369 | 36,320,350 | 8 | 655,710 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

### Main Board

As of 10:00 am, 4th Jun. 2025

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,045 (Shares) | 4,238,200 (MMK) |

| MYANPIX | 347.90 ▲ 0.26 |
|---|---|
| Total Volume (shares) | 2,045 |
| Total Value (MMK) | 4 mil |
| Listed Company | 8 |
| Market Cap. (MMK) | 656,196 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 6,700 | ▲ 0 |
| MTSH | 00002 | 3,000 | ▲ 0 |
| MCB | 00003 | 7,700 | ▲ 0 |
| FPB | 00004 | 1,850 | ▲ 50 |
| TMH | 00005 | 2,800 | ▲ 0 |
| EFR | 00006 | 1,600 | ▼ 50 |
| AMATA | 00007 | 3,900 | ▲ 0 |
| MAEX | 00008 | 3,100 | ▲ 0 |